ဆူးငှက်

# မန္တလေးမျဉ်းဖြောင့်များ





## ဧဍလမ်း

တကယ်တော့ မန္တလေးသည် ဒီဘက်"၁ဂစု"နှစ်ပိုင်းတွင် အပြောင်းလဲကြီး ပြောင်းလဲသွား ၏ ။ ၁၉၈၄ မီးကြီးနောက်ပိုင်းဆိုပါစို့။ မန္တလေးနှင့် လအနည်းငယ် မျက်နှာလွှဲမိသည် နှင့်ပင် မမှတ်မိ လောက်အောင် ပုံပြောင်းသွားတတ်ပါသည် ။ ကျွန်တော်တို့ လူမှန်းသိ၊ လူရည်လည်စအချိန်က ၁၉၇၀-ပတ်ဝန်းကျင်ကာလများ ပဲဖြစ်ပါသည် ။ ထို့အရင်ကာလမန္တလေးကို ကျွန်တော်တို့ မသိမီခဲ့ပါ။ မတွေ့မြင်ခဲ့ပါ။ စာများ ပေများ လူကြီးသူမစကားနှင့်သာ မှတ်သားခဲ့ရပါ၏ ။

ဤသို့ဆိုလျှင်ဖြင့် ကျွန်တော် "မန္တလေးမျဉ်းဖြောင့်များ

”ရေးသားနေခြင်းက “ရာရာစစ”နိုင် ရန်ကောဟု အပြစ်တင်ဖွယ်ရာသာ ရှိတော့၏ ။ ဟုတ်တော့လည်း ဟုတ်သည် ။ မန္တလေးမှာ တစ်နေ့ မနေ့ ကမှ မွေးဖွားလူဖြစ်လာသူက မိချောင်းမင်းရေခင်းပြအလုပ်ကို လုပ်နေသည် မဟုတ်လော။ သို့ သော် ကျွန်တော်က ဒီကနေ့ ဆယ်ခုနှစ်မှ သာ မန္တလေးမှာ မွေးဖွားလာသူများ ၊ သို့တည်းမဟုတ် ဒီ ကနေ့မှ မန္တလေးမှာ အခြေချသူများအား မန္တလေးနှင့် ပတ်သက်၍ လက်တို့ ကာ ကြားခံမိတ်ဆက် ပေးခြင်း သဘောမျှသာဖြစ်ပါ၏ ။ ထိုအခါ ကျွန်တော်မသိလိုက်သော မန္တလေးနှင့်ပတ်သက်၍ မန္တ လေးသား လူပုဂ္ဂိုလ်အချို့နှင့်ပတ်သက်၍ အချက်အလက်အချို့ တိမ်းပါးလွဲချော်နိုင်ပါသည် ။ ပြုပြင် ထောက်ပြကြခြင်းဖြင့် အချက်အလက်မှန်၊ သမိုင်းမှန်များ သိခွင့်ရလျှင် ဧရာမ အကျိုးကျေးဇူးကြီး ရ နိုင်ပေမည်။ ထောက်ပြ၊ တည့်မတ်ပေးကြပါကုန်။

နောင်. . .လေးငါးနှစ် သို့မဟုတ် သက္ကရာဇ် ၂၀၀၀ကျော်လျှင်ဖြင့် မန္တလေးကား ငယ်ရုပ်ကို မမှတ်မိလောက်အောင် ပြောင်းလဲသွားရော့မည်။ ထို့အတူ ဣန္ဒြေကြီးသော၊ ခြိုးခြံသော၊ ရိုင်းပင်း သော၊ ရိုးသားသော ငယ်မူငယ်စရိုက်များ လည်း ပျောက်ကောင်းပျောက်ပေလိမ့်မည်။

ကျွန်တော်တို့ ကတော့ နန်းတော်ရှေ့ဆရာတင် ရေးသားခဲ့သလို “**ငယ်မူကို မဖျောက်နိုင် သူ၊ ပျော်လောက်ဖွယ် မယ်ရင်ရယ်၊ လွမ်းပါဘိတယ်**” ဟု ဆိုငြီးရင်း မန္တလေးကို လွမ်းနေဦးမည် သာ ဖြစ်ပေ၏ ။

မန္တလေးသား ဖြစ်နေဦးမည်ဆိုလျှင်ပေါ့. . .။

***



ကြေးချိန် ၂၄ ပိဿာရှိသော ဗုဒ္ဓဆင်းတုတော်တစ်ဆူ သွန်းလုပ်ပြီး ဈေးတွင်ဝယ္ပာရုံဆောက်ကာ

ဆောင်းနှောင်းရာသီ အအေးဓာတ်ကလေး မကုန်သေးသော်လည်း သစ်ရွက်တွေက ကြွေ စပြုနေပြီ၊ တစ်ခါတစ်ရံ လေရူးတစ်ချက်ကလေး ဝှေ့တတ်သေး၏။ လမ်းမပေါ်မှာ ကုက္ကိုရွက်ဝါတွေ က ရှပ်တိုက်ပြေးနေပါပကော. . .။ လမ်းဘေး ကျုံးရေကန်လေးမှာ ရေတွေလျှံကျနေသည် ။ ကျုံး ရေကန်ဘေးမှာ ကုက္ကိုပင်ကြီးတွေ စီးမိုးထားသည် ။ သူတို့ က ရွက်ဝါတွေကို ခါချနေသည် ။ အမှတ် (၁၀)ဘတ်စ်ကားတစ်စီးက ညောင်ပင်ဈေး မှတ်တိုင်တွင် ခပ်နှေးနှေးထိုးဆိုက်၏ ။ တောင်းတစ်လုံး နှင့် မိန်းမကြီးတစ်ဦး ဆင်းသည် ။ ဝပ်ရှော့အလုပ်သမားနှင့်တူသော လူငယ်နှစ်ယောက်က ကား ပစ္စည်းအစိတ်အပိုင်းတစ်ခုကို ဘတ်စ်ကားနောက်ပေါက်က မနိုင့်တနိုင် မ,တင်ပြီး နောက်ခုံပေါ် လွှားခနဲ ခုန်တက်၏ ။ စပယ်ယာက “ဆွဲဆရာ၊ စီလမ်းတောက်လျှောက်” ဟု အော်သည် ။ ဂိယာ

တ ဂီးဂီးထိုးပြီး ကားကြီး တအိအိ ထွက်သည် ။

ညောင်ပင်ဈေးနှင့် မျက်စောင်းထိုး အလယ်တန်းကျောင်းထဲက စာအံသံများ ကြားနေရ၏ ။

တကယ်တော့ "၈၃"လမ်းကို ကျွန်တော်မှတ်မိနေတာက ညောင်ပင်ဈေးကပင် စတင်ပါ သည် ။ "၁၉"လမ်းနှင့် ဆုံရာကပဲဆိုပါစို့။ သို့သော် (၈၃)လမ်းက (၁၈)လမ်းအထိ ပေါက်နေတာ ထို စဉ်က သတိမထားမိ။

ညောင်ပင်ဈေးက မန္တလေး၏ မူလလက်ဟောင်းဈေးပေါင်း(၃၀)အနက်မှ ဈေးတစ်ဈေးဖြစ် သည် ။ အမရပူရ ထီးပေါင်းကားအရပ်တွင် လည်း ညောင်ပင်ဈေးဟု ရှိခဲ့ဖူးကြောင်း မှတ်သားရဖူးပါ သည် ။ ကျွန်တော်မှတ်မိသည့်အချိန်၌ ပင် မီးအကြိမ်ကြိမ် ခခဲ့သည် ။ ယခုဈေးရုံသစ်ကြီးက ၁၉၈၄ ခု နှစ်မီးကြီးပြီးနောက် ဆောက်လုပ်ထားသည့် ရုံသစ်ကြီးဖြစ်သည် ။ ယခင်ကတော့ ညောင်ပင်ဈေး သည် သိပ်မထင်ရှား။ အခုတော့ လေဘေးထည်ခေါ် အဟောင်းထည် ဈေးကွက်ကြီးတစ်ခုဖြစ်ချေ ၏ ။ လေဘေးထည်များ ခေတ်စားစအချိန်က အိမ်တော်ရာဝင်းအတွင်း ယာယီဈေးတန်းများမှာ ဖြစ် ပါသည် ။ ထို့နောက် သာသနာ့မြေ သန့်ရှင်းရေးတွက် ဈေးတန်းကို ညောင်ပင်ဈေးသို့ ရွှေ့ပြောင်းလိုက်လေသည် ။ အခုတော့ သုံးလေးထောင် အနည်းဆုံးပေးနိုင်မှ အနွေးထည်တစ်ထည် ဝတ်နိုင် သောအချိန်။ လေးငါးရာပေးနိုင်မှ ရှပ်အကျႌဝတ်နိုင်သော အချိန်ပင် တန်ဖိုးနည်းနည်းနှင့် လူထဲတိုး သော လေဘေးထည်ခေါ် အဟောင်းထည်ဈေးကွက်ကြီး ခိုင်မာကျယ်ပြန့်လေတော့၊ ညောင်ပင် ဈေးသို့ အများ စုက ပြေးကြတော့သည် ။



ညောင်ပင်ဈေးနှင့် မျက်နှာချင်းဆိုင် အလယ်တန်းကျောင်းကလည်း
နယ်နယ်ရရကျောင်းမဟုတ်

ညောင်ပင်ဈေးနှင့် မျက်နှာချင်းဆိုင် အလယ်တန်းကျောင်းကလည်း နယ်နယ်ရရကျောင်းမ ဟုတ်။ ၁၉၂၀ ပြည့်နှစ် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသပိတ်ကြီး ပေါ် လာပြီးနောက် အမျိုးသားပ ညာရေးကို အမျိုးသားများကိုယ်တိုင် လွတ်လွတ်လပ်လပ် ဦးစီးဦးဆောင်ပြုလုပ် သင်ကြားရေးအ တွက် မန္တလေးတွင် အမျိုးသားနေရှင်နယ်ကျောင်းများ ဖွင့်လှစ်ကြသည် ။ ထိုအထဲတွင် ညောင်ပင် ဈေးကျောင်းက တစ်ကျောင်းအပါအဝင်ဖြစ်သည် ။

ထို့အတူ ညောင်ပင်ဈေးအနီးတွင် သမိုင်းဝင်ဘုရားတစ်ဆူလည်း ရှိသည် ။ “ရွှေလေး” ဘုရား ဟု ခေါ်တွင် ပါသည် ။ မြန်မာမင်းများ လက်ထက်ကတည်းက ချိန်တွယ်ရာတွင် ဟင်္သာရုပ် ကြေးဝါ အလေးများကို

အသုံးပြုခဲ့ကြသည် ။ ၁၂၄၇ခုနှစ် သီပေါဘုရင်ပါတော်မူပြီး အင်္ဂလိပ်လက်အောက် ကျရောက်သောအခါ သူတို့ အချိန်အတွယ်နှင့် ကိုက်ညီစေရန် မြန်မာသုံး ဟင်္သာရုပ်အလေးများကို မြူနီစီပါယ်ထံ ပြန်လည်အပ်နှံရန် အမိန့်ထုတ်လေသည် ။ အကယ်၍ မအပ်နှံဘဲ ဟင်္သာလေးများ နှင့် ဆက်လက်သုံးစွဲရောင်းဝယ်နေကြသူများကို အပြစ်ပေးဒဏ်ရိုက်သည် ။ သူတို့ ထုတ်ပေးသော သံ ခွက်အလေးများ နှင့်သာ ချိန်တွယ်အသုံးပြုရမည်ဖြစ်၏ ။

ထိုအခါ ညောင်ပင်ဈေးရှိ ဈေးသည် များက ဟင်္သာအလေးများကို မြူနီစီပါယ်သို့ မအပ်နှံဘဲ ဆန့်ကျင်ကြ၏ ။ သူတို့ ဟင်္သာအလေးများကို စုဆောင်းလိုက်ကြ၏ ။ ထို့နောက် အရည်ကျိုလိုက် သည် ။ ကြေးအချိန် ၂၄ပိဿာရှိသော ဗုဒ္ဓဆင်းတုတော်တစ်ဆူ သွန်းလုပ်ပြီး ဈေးတွင် ဓမ္မာရုံဆောက်ကာ ကိုးကွယ်လိုက်ကြသည် ။ ရုပ်ပွားတော်သွန်းလုပ်သောနေ့မှာ ၁၂၅၅ခု ကဆုန်လပြည့် ကျော် (၅)ရက်၊ ကြာသပတေးနေ့ (၄-၅-၁၈၉၃)ဖြစ်သောကြောင့် ယခုအခါ နှစ်(၁၀၀)ကျော်ပြီဖြစ် သည် ။ ညောင်ပင်ဈေးသူဈေးသားများ ၏ မျိုးချစ်ဇာတိမာန်စိတ် ပြယုဂ်မှတ်တမ်းတစ်ခုဖြစ်သည် ။ လေးစားဂုဏ်ယူထိုက်ပေသည် ။

“၈၃”လမ်း၏ လမ်း (၂၀)နှင့် (၂၁)လမ်းကြား၌ မျိုးမြင့် ရုပ်ရှင်ရုံရှိပါသည် ။ ဝင်းကျယ်ကြီးအ တွင်းက ရုပ်ရှင်ရုံကြီးဖြစ်သည် ။ သူကလည်း မီးသင့်ဖူးသည် ။ ယခင်ကတော့ မြို့ပတ်ရုံများ ဖြစ် သည် ။ ကားသစ်များကို မြို့လယ်ရုံကြီးများ ဖြစ်သော ဝင်းလိုက်၊ တော်ဝင်၊ ရွှေနဂါး၊ မြို့ဂုဏ်ရောင် ရုံများ ၌ တင်ပြီးမှ နောက်တစ်ပတ်နှစ်ပတ်နေလျှင် မြို့ပတ်ရုံများ ဖြစ်သော မျိုးမြင့်၊ ရတနာပုံ ရုံများ သို့ တင်သည် ။ မြောက်ပြင်လူထုက မျိုးမြင့်ရုံကို အားကိုးရသည် ။ ပြုပြင်မှုနည်းသောရုံမို့ နေ

ရာနှင့် ရုံကြီးကို နှမြောနေမိသည် ။ ယခုအခါ ပုဂ္ဂလိကနှင့် ပူးပေါင်းပြီးပြုပြင်ရန် စိုင်းပြင်းနေကြပြီ။

ကျွန်တော်တို့ အမှတ်(၁) အထက်တန်းကျောင်းမှာ နေစဉ်တုန်းက တော့ ကျောင်းပြေး၍ ကြည့်ရသော ရုံတစ်ရုံပေ့ါ။ ပယင်းရောင်၊ ယင်းမာ ပင်လမ်းခွဲ၊ ရွှေဂေါင်းပြောင် စသော ကားများကို ကြည့်ခဲ့ရသည် ။ ထို့အပြင် လူအရောက်အပေါက်နည်းသောရုံမို့ သမီးရည်းစားစုံတွဲတွေ မျက်စိကျ သောရုံဖြစ်သည် ။ ယခုတော့ ထိုရုပ်ရှင်ရုံဝင်းကြီးထဲတွင် ဥ ရောပခေတ်မီစားသောက်ဆိုင်ကြီးတစ် ဆိုင် ဖွင့်လှစ်ထားပါသည် ။

မျိုးမြင့်ရုံ အနောက်ပေါက်နှင့် မျက်စောင်းထိုး “၈၃”လမ်းပေါ်တွင် သမတထီဆိုင်ရှိပါသည် ။ (၁၉)လမ်းမှာ က သမတပင်ရင်းဆိုင် ဖြစ်၏ ။ မန္တလေး၏ လက်ဟောင်းထီဆိုင်ကြီး ဖြစ်ပါသည် ။ “မိုး ပေါ်များ မာဃ၊ လူ့ပြည်မှာ သမတ”ဟု ကြော်ငြာ၏ ။ မောင်းတံဆိပ်ဖြစ်သည် ။ ထူးခြား တာက မောင်း မှာ အသားလက်ကိုင် အကောက်လေးပါအောင် ဒီဇိုင်းအ ချိုးညီဆွဲထားသဖြင့် မှတ်မိနေသည် ။

မန္တလေးမှာ အနေကြာသော ကျွန်တော့်ဦးလေးတစ်ယောက်ကား အ ခြေအနေအရ မန္တ လေးနှင့် ဝေးကွာသော ဇာတိရွာတွင် ပြန်နေရသော်ငြားလည်း အစွဲအလန်းကြီးစွာဖြင့် လူကြုံရှိ တိုင်း မန္တ လေး သမတထီရုံမှ ထီထိုးခိုင်းတတ်သည် ။ သမတမှာ ထိုးမှ ပဲ ထီထိုးရ ကျိုးနပ်သည် ဟု စွဲ မှတ်နေ၏ ။ တစ်ခါကတော့ အိပ်မက်ကောင်းလို့ ဟု ဆိုကာ လူကြုံနှင့် သမတတွင် ထီတစ်စောင်ထိုး ခိုင်းလိုက်သည် ။ ဦး လေးအား စ,လိုနောက်လိုသူ လူကြုံက အတိတ်ကို “ထိုးလိုက်တဲ့ တစ် တီတူး၊ စိတ်နောက်အောင်ရှုး” ဟု ရေးပေးလိုက်သဖြင့် အကြီးအကျယ် စိတ်ဆိုးဖူးလေသည် ။

“၈၃”လမ်းနှင့် (၂၂)လမ်းဆုံရာတွင် ဒေါက်တာဆိုနီဆေးတိုက်ရှိသည်။ အရှေ့ဘက်မှာ ယ ခင် သမဝါယမဦးစီးမှူးရုံးရှိ၏။ ယခုတော့ သမပိုင် တည်းခိုခန်း ဖွင့်လှစ်ထားပါသည်။ ဒေါက်တာဆို နီ တိုက်ရှေ့၊ (၈၃) လ မ်းဘေ းမှ ၁ ကောက်ညှင်းပေါင်းနှင့် အကြော်သည် ရှိ၏ ။ ညနေစောင်းလျှင် စက်ဘီးတွေ၊ ဆိုင်ကယ်တွေနှင့် လက်မလည်အောင် ရောင်းရသည်။



လမ်း ၂၀ နှင့် ၂၁ လမ်းကြား၌ မျိုးမြင့်ရုပ်ရှင်ရုံရှိပါသည်။



တကယ်တော့ ၈၃ လမ်းကို မှတ်မိနေတာက ညောင်ပင်ဈေးကပင် စတင်ပါသည်။

အကြော်ဆိုင်နှင့် ထောင့်ဖြတ်မှာ ကိုကြူးနို့ချဉ်ဆိုင်ရှိသည် ။ နို့ချဉ်ကောင်းလို့ လူစည်သည် ။ သို့သော် တစ်နိုင်သာ ဖြစ်၏ ။ တစ်ခါတစ်ရံမရတော့။ ယခု ရန်ကုန်ရောက်ကာ ကြီးပွားနေသည့် ဆ ရာကြည်လင်အေးတို့ ၊ ဒီဇိုင်းကိုစိုးဝင်းငြိမ်းတို့ နှင့် ကျွန်တော်သည် ဗီဒီယိုကြည့်ပြီးနောက် နို့ချဉ်ဝင် သောက်ရသော ရင်းနှီးလွတ်လပ်မှုများကို လွမ်းဆွတ်နေမိပါသည် ။ (၂၂)လမ်းနှင့် (၂၃)လမ်းကြား (၈၃)လမ်းကား သိပ်အပြောင်းအလဲမရှိလှ။

(၂၃)လမ်းနှင့် (၂၄)လမ်းကြားမှာ တော့ ပြောင်းလဲသည် ။ ချစ်ညိုပုံနှိပ်တိုက်ဝင်းကြီးနေရာမှ တိုက်တန်းကြီးတစ်လုံး ဟည်းထပေါ်လာသည် ။ ချစ်ညိုကား ယခင်က ဘာသာပြန်စာအုပ်ကောင်း များ စွာ ရေးသားထု

တ်ဝေခဲ့ဖူး၏ ။ နာမည်ကျော် ကျားဘငြိမ်းနှင့်ညီအစ်ကိုတော်သည် ။ လူထုသ တင်းစာ အယ်ဒီတာလည်း လုပ်ခဲ့ဖူးသည် ဟု သိရသည် ။ ကျွန်တော်စွဲလန်းနေတာက “ချစ်ညိုပုံနှိပ် တိုက်”ဟူသော လက်ရေးဒီဇိုင်း ဆိုင်းဘုတ်နှင့် “ဓာတ်ပုံမောင့်ရသည် ”ဟူသည့် လက်ရေးဆိုင်း ဘုတ်များဖြစ်သည် ။ ခေတ်မီလှသည့် လက်ရေးဒီဇိုင်းများ ပင်။

မျက်နှာချင်းဆိုင်တွင် အခုတော့ ယိုးဒယားစားသောက်ဆိုင်၊ ဟိုတယ်တွေ အသစ်တိုးလာ သည် ။ ရွှေကျီးမြင်ဘုရား အနောက်မုခ်လည်း “ ၈၃”လမ်းပေါ်မှာ ခံ့ညားလာသည် ။ သင်းပျံ့အအေး ဆိုင်ကတော့ ရှိနေဆဲ ဖြစ်၏ ။ သူကတော့ ကွန်ဒြေရဆဲ။ သင်းပျံ့ရေခဲမုန့်သည် နေရာတစ်နေရာရခဲ့ ဖူးသည် ။

“၈၃”လမ်းနှင့် “၂၄”လမ်းထောင့်မှာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)ရှိသည် ။ မျက်နှာ ချင်းဆိုင်မှာ အထူးကုဆေးခန်းကြီးပေါ်ပေါက်လာ၏ ။ ဈေးကွက်စီးပွားရေးကာလ၏ ခေတ်ပေါ်စီးပွားရေးလုပ်ငန်းသစ်များ ဖြစ်သည် ။ ထိုလမ်းပေါ်က “မြို့မဆေးတိုက်” အဆောက်အအုံကတော့ မ ရှိတော့။ မကြာသေးမီကဘဲ ဖျက်သိမ်းလိုက်ပုံရသည် ။ “မြို့မဆေးတိုက်” ဆိုသည် ကလည်း လက် ဟောင်း မန္တလေးဖြစ်ချေသည် ။ (၈၃)လမ်းနှင့် (၂၅)လမ်းထောင့်မှာ “ဒေါင်းတိုက်” ရှိပါသည် ။ အ ဆောက်အအုံ၏ ထိပ်မှာ ဒေါင်းတစ်ကောင်နားနေပုံပါရှိသည် ။ လက်ဟောင်းအဆောက်အအုံ ဟောင်းကြီးဖြစ်သည် ။ ယခင်က ဒေါင်းတိုက်မှ သွားဆရာဝန် ဒေါက်တာအန်းဂါးကို သတိရမိပါ သည် ။ နူးညံ့ဖော်ရွေလှသော ဆရာဝန်ကြီး ဖြစ်၏ ။ နာနေသော သွားတစ်ချောင်းကို ညင်သာစွာနှုတ် ပေးသည် ။ ဆေးတွေ အများကြီးပေးလိုက်သည် ။ ငွေအစိတ်ကို အားနာစွာ ယူလိုက်သည် ။ “၈၃” လမ်း၏ ထိုအစိတ်အပိုင်းများကို မန္တလေးက စစ်ကိုင်းတန်းဟု ခေါ်ကြသည် ။

ဒေါင်းတိုက်နှင့် မျက်နှာချင်းဆိုင်တွင် ဂါးဒင်းဟိုတယ်နှင့် နိုင်လွန်ဟိုတယ်ကြီး အသစ်နှစ် လုံးပေါ်လာသည် ။ ယခင်က မရှိ။ အခုတော့ မြင့်မားသော အဆောက်အအုံကြီးမှာ မီးရောင်စုံတွေ ထိန်ထိန်ညီးလို့ ၊ ဖွင့်စကာလတုန်းက ဂါးဒင်းဟိုတယ် လသာဆောင်မှ ရုပ်သေးခုနစ်သံချီ စင်တိုင် သံကြားရသည် ။ ယခုမကြားမိတော့။

"၈၃"လမ်းနှင့် "၂၄"လမ်းထောင့်မှ သည် တောင်ဘက်ဆက်တော့ နိုင်လွန် အအေးဆိုင်ရှိ သည် ။ ၁၉၇၂/၇၃ကာလက မန္တလေးမှာ အင်နှင့်အားနှင့် အအေးဆိုင်လုပ်ငန်းကို စတင်ခဲ့သူဖြစ် သည် ။ သူ့မတိုင်မီက ရေခဲမုန့်စားချင်လျှင်၊ ဖာလူဒါသောက်ချင်လျှင် ညဈေးတန်း နာရီစင်အောက် မှာ ပဲ လွယ်လင့်တကူ ရနိုင်၏ ။ ပုလင်းတွေ ရောင်စုံတင်ထားသည့် အအေးဆိုင် တွန်းလှည်းကြီး နောက်မှာ တော့ အလုပ်သမားတစ်ယောက်သည် သစ်သားစည်တစ်လုံးထဲ ရေခဲတုံးတွေထည့် လိုက်။ ဆားခဲကြီးတွေ ထည့်လိုက်၊ သံဖြူပုံးကို ချွေးဒီးဒီးကျအောင် လှည့်လိုက်နှင့် အလုပ်ရှုပ်နေ ၏ ။ ရေခဲမုန့်ဆိုသော အရာကို ထိုသစ်သားစည်ကြီးထဲမှ အခုလို ချွေးဒီးဒီးကျ လှုပ်ရှားမှ ရမှန်းမသိ။ ဤသို့ဖြင့် နာရီစင်အောက် အအေးဆိုင်က သစ်သားစားပွဲ ခနော်ခနဲ့ မှာ ထိုင်ပြီး ဒူးရင်းရေခဲမုန့်၊ စတော်ဘယ်ရီရေခဲမုန့်များကို မှာ စားခဲ့ရသည် ။

နိုင်လွန်ရေခဲမုန့်ဆိုင်ကြီး "၈၃"လမ်းမှာ ပေါ်လာတော့ သပ်ရပ်သန့်ရှင်းသော တိုက်ခန်းမှာ မီးတွေထိန်နေသည် ။ ဖော်မိုက်ကာစားပွဲလှလှလေးတွေ ချထားသည် ။ နီယွန်ဆိုင်းဘုတ်ကြီးက နိုင် လွန်စာလုံးများကို တစ်လှည့်စီလင်းပေးသည် ။ ထို့ထက် ထူးတာက ဆိုင်ရှေ့က ဆိုင်းဘုတ်ကြီးဖြစ် သည် ။ ၆ပေx ၃ပေလောက်ရှိသည့် ဆိုင်းဘုတ်ကြီးမှာ . . .

"ဒါမျိုးမဟုတ်။ ခေတ်မီစက်ကြီးဖြင့် ထုတ်လုပ်နိုင်သော နိုင်လွန်ရေခဲမုန့်" ဟု စာလုံးကြီး ရေးထားသည် ။ လက်ဟောင်းသစ်သားရေခဲမုန့်စည်ကြီးပုံကို အနီကြက်ခြေခတ်ပြထားသည် ။ ဈေး ကလည်း မကျွာ။ ထို့ကြောင့် ခေတ်မီစက်ကြီးဖြင့် ထုတ်လုပ်နိုင်သော ရေခဲမုန့်ကို အထူးအဆန်းအ ဖြစ် အားပေးကြရတော့သည် ။ ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ နိုင်လွန်ရေခဲမုန့်အစား၊ "ဒါမျိုးမ ဟုတ်"သွားစားရအောင်ဟူသော စကားတစ်ခွန်း တွင် သွား၏ ။

နိုင်လွန်အအေးဆိုင်၏ နဘေးမှာ ယခင်က အိုလံပီယာကဖေးဟူ၍ ရှိခဲ့ဖူးသည် ။ ပေါက်စီ၊ ဝက်သားပေါင်းကောင်း၏ ။ ယခုမရှိတော့။ ၎င်းနှင့်မျက်နှာချင်းဆိုင်မှာ က နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေးပညာကျောင်းဝင်းရှိသည် ။ တစ်ခေတ်ကတော့ ရုံးလုပ်ငန်းများ နှင့်ပတ်သက်၍ ထို ကျောင်းဆင်းများ မျက်နှာပွင့်လန်းခဲ့ဖူးလေသည် ။

ကူးသန်းရောင်းဝယ်ရေးကျောင်း အပေါက်တောင်ဘက်မှာ မန်းစားသောက်ဆိုင်၊ ခွန်လေး လုံးမုန့်ဆိုင်များ ရှိသည် ။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလများ ဆီက ထိုနေရာတွင် နာမည်ကျော် အဆိုတော် ဂျေမောင်မောင်ကို သူ့လက်သုံး စက်ဘီးလေးနှင့် အမြဲတွေ့ရတတ်သည် ။ တစ်ခါတစ်ရံ သမီးငယ်လေးကို ကျောပိုးချီမကာ ယုယကြင်နာစွာ ထိန်းကျောင်းနေတာလည်း တွေ့ရသည် ။ သီရိ ဂျေမောင်မောင်လေး ဖြစ်မှာပေါ့။

"၂၆"ဘီလမ်းနှင့် "၈၃"လမ်းထောင့်တွင် တိုကျိုအအေးဆိုင်လည်း ရှိခဲ့ဖူးပါသည် ။ ယခု တော့ လျှပ်စစ်ပစ္စည်းဆိုင်။ ထောင့်တိုက်တန်းရှည်ကြီးက တရုတ်တန်းဈေးကြီးကို စတင်တည်ဆောက်ခဲ့သူ တရုတ်သူဌေး အဝိန်ကိုး ပိုင်ဆိုင်သည် ဟု ကြားဖူး၏ ။ ယ

ခု သူ့သားဓာတ်ပုံပညာရှင် ကြီး ဦးချစ်ဝိန်နေသည် ။ ဦးချစ်ဝိန်က ဓာတ်ပုံနှင့်ပတ်သက်လျှင် တကယ့်ဝါသနာကြီး၊ ဖွဲ့နဘဲကြီး၊ ပါ ရမီရှင်ကြီးလည်း ဖြစ်သည် ။ တစ်ခါတွင် သူသည် ဓာတ်ပုံနဂ္ဂတစ်များကို ထောင်၍ကြည့်နေသည် ကို မြင်ရတော့ မိတ်ဆွေတစ်ဦးက "ကြည့်စမ်းပါဦးဗျာ၊ ပညာရှင်ကြီးတစ်ယောက်က သူ့အလုပ်ကို ဂရု စိုက်နေပုံက ဖလင်ဆိုတာ အခုမှ ပင် မြင်ဖူးတဲ့ သူတစ်ယောက်လို စူးစိုက်လေ့လာမှုအပြည့်နဲ့ ပဲဗျာ" ဟု သုံးသပ်ဖူး၏ ။

ဦးချစ်ဝိန်သည် မန္တလေးပတ်ဝန်းကျင်ရှိ နေရာဒေသအတော်များများကို ဓာတ်ပုံဖြင့် မှတ် တမ်းတင်ပြီးပြီ။ ပြည်တွင်းဆု၊ နိုင်ငံတကာဆုတွေလည်း အများ အပြား ရယူပြီးလေပြီ။ သူသည် ဓာတ်ပုံရိုက်မထွက်သည့်အခါ စန္ဒရားတွင် ထိုင်ပြီး သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် တီးခတ်နေတတ် သည် ။ ကားတွေဆူညံနေသည့် "၈၃"လမ်းနှင့် "၂၆" လမ်းထောင့်မှာ သူ့အာရုံက စန္ဒရားခလုတ်များ ဆီပဲ ရှိနေသည် ။ ဒီက နေ့တီးမှုတ်နေသော "မြို့မ သီချင်း များ နှင့်ပတ်သက်၍ "မလိုအပ်ဘဲ ဒိုးချက် တွေများ လွန်းနေတယ်ဗျာ" ဟု ပြောပြသည် ။ ဦးချစ်ဝိန်သည် ဂီတစာဆို ဦးဘိုခင်နှင့်လည်း ညီအစ် ကိုတော်စပ်သည် ဟု သိရ၏ ။

မျက်နှာချင်းဆိုင်မှာ ကာတစ်တိုက်ရှိသေးသည် ။ ကာတစ်အင်ကိုးကုမ္ပဏီကြီးအဖြစ် သိခဲ့ ကြ၏ ။ ပရဆေးအမျိုးမျိုး ရောင်းသည် ။ ဆေးထောင်းငရုတ်ဆုံပုံကြီးကို ယခုထိ မြင်ရသေးသည် ။ မြို့လယ်ခေါင်မှ ရှားရှားပါးပါး မန္တလေး ခေတ်ဟောင်းလက်ကျန်တိုက်ကြီး ဖြစ်သည် ။ ပျောက်ကွယ် သွားမှာ ကို မန္တလေးသား လက်ဟောင်းတွေ ရင်တမမ စောင့်နေကြရ၏ ။

"၈၃"လမ်း "၂၆"လမ်းနှင့် "၂၇"လမ်းကြားမှာ အရှေ့ဘက်တန်းရှိ

ဆောက်လုပ်ရေးအ ရောင်းဆိုင်ကြီးနေရာမှာ တော့ အတော်ပြောင်းလဲသွားပါသည် ။ အရင်ခေတ်တုန်းကတော့ ထိုဆိုင် ကြီးက အရှိန်အဝါကြီးမားလှသည် ။ ပါမစ်၊ ကုန်ဝယ်ခွင့်၊ ကုန်ဝယ်စာအုပ်များ ဈေးနှုန်းဖြင့် စီးပွားဖြစ် ကုန်ကြ၏ ။ သွပ်၊ သံ၊ ဘိလပ်မြေမှ အစ သော့ခလောက်၊ မီးချောင်းအထိ အစိုးရဈေးနှုန်းဖြင့် ရောင်း ချပေးနိုင်သည့်နေရာ ဖြစ်သည် ။

ယခု ထိုအခန်းကလည်း စက်ပစ္စည်းတန်းဖြစ်သည် ။ ရေစုပ်စက်၊ ဒိုင်နမို၊ မီးစက်၊ တွင် စက်၊ ကြိတ်စက် စသည့်စက်ပစ္စည်းများ ရောင်းချရာနေရာ ဖြစ်၏ ။ အနောက်ဘက်တန်းမှာ စားသောက် ဆိုင်များ ၊ ဆေးပစ္စည်းအရောင်းဆိုင်များ အသစ်တိုးချဲ့ဖွင့်လှစ်လာကြသည် ။

“၈၃”လမ်းနှင့် “၂၇”လမ်းထောင့်မှာ တော့ ညောင်ပင်ကြီးတစ်ပင် ရှိသည် ။ ညနေတိုင်လျှင် ဖြင့် အိပ်တန်းတက်ကြသော စာကလေးတွေအသံက ကြားအလပ်မရှိအောင် ပွက်ပွက်ညံနေသည် ။ ကောင်ရေထောင်ဂဏန်းတော့ ပျော့ပျော့လေးရှိမှာ ပေါ့။ မော့ကြည့်လိုက်တော့ ညောင်ကိုင်းတွေ ပေါ်မှာ စာကလေးတွေ နားနေကြတာ ပျားအုံတစ်အုံမှာ ပျားတွေ အိမ်ဖွဲ့နေကြသလို ဖြစ်သည် ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း ခိုနိုင်ဟူသော စကားကို ရုတ်ချည်းသဘောပေါက်စေသော နေရာ ဖြစ်၏ ။ ညောင်ပင်အောက်တွင် မန္တလေး၏ နွားနို့သည် များ စုဝေးစတည်းချကြသည် ။ မြို့အ တွင်းမှ အလုပ်လုပ်စဉ်တုန်းက နေ့လယ်စာ၊ ညစာကို ညောင်ပင်အောက်က ကုလားပဲသုတ် ငါး ကျပ်ဖိုးနှင့်ပဲ ပြီးခဲ့ရသည့် နေ့ပေါင်းများ ရှိခဲ့ဖူးပါသည် ။ ယခု ထိုဆိုင်လေး မရှိတော့။

ညောင်ပင်နှင့် မျက်စောင်းထိုးမှာ က “Trade”အဝေးပြေးကားကြီး

တွေ ထိုးထား၏ ။ ယာဉ် ပြင်စက်ရုံလည်း ရှိသည် ။ စုပေါင်းကားဂိတ်ဝင်းကြီးတွေထဲနေရာယူစရာမလိုဘဲ ဣန္ဒြေရစွာရှိနေ သည့် ကားဂိတ်တစ်ခုဖြစ်ပါသည် ။ ကားဂိတ်နှင့် မျက်စောင်းထိုးမှာ "မော်ဒန်"ဟိုတယ်ကြီးရှိသည် ။ (အခုတော့ ဘဏ်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ပြင်ဆင်နေ၏ ။) သည် ဘက်နှစ်များမှ ပေါ်လာ သည့်အဆောက်အအုံကြီး ဖြစ်၏ ။ တိုက်ဟောင်းကြီးတစ်လုံး၏ အလယ်ခေါင်အခန်းများကို ပြုပြင် ကာ အထပ်မြင့် ဟိုတယ်ကြီးတည်ဆောက်ထားခြင်းဖြစ်ပါသည် ။ မန္တလေးမြို့၏ ခေတ်ပေါ်အ ဆောက်အအုံ ဗိသုကာများအနက် သိသာကွဲပြားသော ဗိသုကာပုံစံလည်း ဖြစ်သည် ။ ခေတ်သစ် မန္တလေးဗိသုကာက အကွေ့အဝိုက်၊ အဝင်အထွက်၊ အတိုးအဆုတ်၊ အခုအခံတွေများ လှသည် ။ သူ က တစ်ဘာသာ၊ ပြင်ညီမျက်နှာပြင်ကြီးများအားကိုယူသည် ။ မျက်နှာပြင်ညီကျယ်ကြီးကို ကြွေပြား တွေ အပြည့်ကပ်ထားသည် ။ ထိုသို့သော ပြင်ညီပြားများ အားပြုသည့် အဆောက်အအုံများမှာ တိုက်ဂါးဟိုတယ်နှင့် ပါဝါဟိုတယ်များ တွင် လည်း တွေ့ရသည် ။ ကွဲပြားထူးခြားဆန်းသစ်သည့် ပုံစံ များ ဖြစ်၏ ။

ထိုဟိုတယ်ကြီး သုံးလုံးစလုံးကို ပုံစံထုတ်ကာ အစအဆုံး တာဝန်ယူတည်ဆောက်သူက အင်ဂျင်နီယာ ဦးသန်းရွှေဟု သိရသည် ။ ယခုတော့ ပါဝါပုဂံဟိုတယ်ပိုင်ရှင် ဖြစ်၏ ။ သူ၏ ပုဂံ ဟို တယ်ပုံစံကလည်း ပြင်ညီအားပြု ဗိသုကာဖြစ်သည် ။

"၈၃"လမ်းနှင့် "၂၈"လမ်းထောင့် မရောက်ခင်မှာ တော့ မန္တလေးမြို့တွင် အမြင့်မားဆုံး အ ဆောက်အအုံကြီးဖြစ်သည့် ယူနီဗာ့စ်ဟိုတယ်ကြီးကို လွန်ခဲ့သည့်လက ဖွင့်လှစ်လိုက်သည် ။ အပြင်အဆင်ကောင်းကောင်း ၊ ကြော်ငြာအားကောင်းကောင်း ဖြင့် ဟိုတယ်စီးပွားရေးထဲ လတ်တလော တိုးဝင်လာ၏ ။ သူ့တောင်ဘက် "၂၈"လမ်းနှ

င့် “၂၉”လမ်းကြားတွင် “SAPPHIRE”ဟိုတယ်ကြီး လည်း ရှိသည် ။

“၂၈”လမ်းနှင့် “၈၃”လမ်းထောင့်မှာ အောင်ရတနာစတိုးရှိ၏ ။ မြန်မာဆေးပစ္စည်းမျိုးစုံရ သော ဆိုင်သစ်တစ်ဆိုင်ဖြစ်သည် ။ “၈၃”လမ်းသည် “၂၈”လမ်းနှင့် “၂၉”လမ်းကြားမှာ တော့ သိပ်မ ပြောင်းလဲ။

“၈၃”လမ်းနှင့် “၂၉”လမ်းထောင့်ကို ယခင်ကတော့ ဓာတ်ဆီဆိုင်အတက်ဟု ခေါ်သည် ။ သ ခင်ဗဟိန်း၏ ညီ ဦးသန်းနိုင်၏ ထောင့်တိုက်မှာက ဓာတ်ဆီဆိုင်ရှိသည် ။ ယခုတော့ မရှိတော့။ “၂၉” လမ်းနှင့် လမ်း “၃၀”ကြား “၈၃”လမ်းပေါ်တွင် မန္တလေးတိုင်း မြို့နယ်သမဝါယမအသင်းစုရုံးရှိ သည် ။ ယခင်က လေးထပ်အဆောက်အအုံမြင့်ကြီး ဖြစ်၏ ။ ၈၄ခုနှစ် မီးကြီးလောင်ပြီးနောက် ယခင် အဆောက်အအုံလောက် မြင့်မားခံ့ထည်မှုမရှိတော့။ မျက်နှာချင်းဆိုင်မှာ ရှင်ဘို့မယ်ဘုရား အရှေ့ ပေါက်ရှိသည် ။ ရှင်ဘို့မယ်ဘုရားပွဲကား နာမည်ကြီးအငြိမ့်များ ထိပ်တိုက်ဆုံရာပွဲဖြစ်သည် ။ ထိုအခါ အရှေ့ပေါက်က အငြိမ့်သည် တိုင်းသမရုံးရှေ့မှာ အမြဲနေရာယူ၏ ။

“၈၃”လမ်းနှင့် “၃၀”လမ်းထောင့်မှာ တော့ မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံရှိသည် ။ ယခင်က မြန်မာ ညွှန့်ရုံ၊ မြို့လယ်ရုံဟု ခေါ်ဆိုခဲ့ဖူး၏ ။ သူကလည်း “၈၄”လမ်း မီးကြီးတွင် ပါသွားသဖြင့် ပြန်ဆောက် ထားသည့် ရုံသစ်ဖြစ်သည် ။ ယခင်က မြို့ဂုဏ်ရောင်တွင် ရုပ်ရှင်ဝင်ကြည့်ပြီးနောက် မျက်နှာချင်း ဆိုင်က “ဘက်မလိုက်ကဖေး” တွင် လက်ဖက်ရည်သောက်ပြီးမှ အိမ်ပြန်ကြသည် ။ ယခု “ဘက်မ လိုက်ကဖေး” မရှိတော့။ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၏ တောင်ဘက် “၈၃”လမ်းကိုတော့ သေတ္တာတန်း ဟု ခေါ်ပါသည် ။ ယခုထက်တိုင် ကျွန်းသေတ္တာလုပ်ငန်းများ လုပ်ကိုင်နေကြဆဲဖြစ်သည် ။ “၃၀”နှင့် “၃၂”လမ်းကြား “၈၃”

လမ်း၏ အရှေ့ဘက်မှာ နေသူရိန်ဝင်းဆိုတာ ရှိခဲ့ဖူးပါသည် ။ နေသူရိန်ရုံကြီး တွင် (၂၉-၂-၄၅) ခုနှစ်က အထက်မြန်မာနိုင်ငံ ကိုယ်လက်ကျန်းမာရေးအသင်းကြီး၏ ကာယဗလပြ ပွဲကြီး ကျင်းပခဲ့သည် ။ အစီအစဉ် (၁၇)ခု ပါဝင်သော အခမ်းအနားတွင် မြို့မငြိမ်းက သီချင်း(၄)ပုဒ် ရေးစပ်ကာ မြို့မအဖွဲ့က ပါဝင်တီးမှုတ်ပေးခဲ့သည် ။ ယနေ့နာမည်ကျော် အိုလံပစ်သီချင်းနှင့် ယဉ် တစ်ကိုယ်မယ်သီချင်းများကို ထိုစဉ်က စတင်သီဆိုခဲ့ခြင်းဖြစ်သည် ။

၈၄ မီးကြီးလောင်ပြီးနောက် ထိုဝင်းကြီးနေရာကား အမှတ်(၂၃) အထက ကျောင်းဝင်းကြီး ဖြစ်သွားတော့သည် ။ “၈၃”လမ်း၏ “၃၂”လမ်းနှင့် “၃၄”လမ်းကြားသည် တလောဆီကတော့ ရန် ကုန်သွား ခေတ်မီအမြန်ယာဉ်ကားဂိတ်ကြီးများ တန်းစီရှိခဲ့ဖူးသည် ။ ARROW,LEO,NEW ORIEN T, LUCKY STAR, KYAW စသည် တို့ ရှိကြ၏ ။ ညနေ “၅”နာရီထိုးလျှင်ဖြင့် “၈၃”လမ်းကြီးတစ် လျှောက် ခရီးသည် များ အသံ၊ ကားဟွန်းသံ တညံညံဖြင့် စည်ကားနေတတ်သည် ။ အခုတော့ တချို့ ကားသင်းများ မရှိတော့။ အရင်ကလောက်လည်း မစည်တော့။

“၃၃”လမ်း “၃၄”လမ်း အခုလမ်းမပေါ်မှာ မင်းမင်းကျော် လက်ဖက်ရည်ဆိုင်လည်း ရှိပါ သည် ။ မန္တလေးတွင် လက်ဖက်ရည်ဆိုင် စီးပွားရေးလုပ်ငန်းကို မြန်မာများ အနေဖြင့် ပထမဦးဆုံး ထိုးဖောက်ကာ တွင်ကျယ်နေရာယူခဲ့သူတစ်ဦး ဖြစ်၏ ။ “၃၃”လမ်းနှင့် “၈၃”လမ်းထောင့်မှာ နာမည် ကျော် တိုင်းချစ်ကျောင်းလည်း ရှိခဲ့ပါသည် ။ တိုင်းချစ် သခင်သိန်းဖေ၏ သားနှစ်ယောက်က ဒါရိုက် တာ မောင်တင်ဦးနှင့် မင်းသား ဇော်ဂမ်းတို့ ဖြစ်၏ ။ အခုတော့ အမှတ်(၁)အလက ဖြစ်နေချေပြီ။ “၈၃” လမ်းသည် သံလမ်းကိုကျော်ပြီးနောက် ညွန့်ပေါင်းဈေးကို ရောက်တော့သည် ။ ညွန့်ပေါင်းဈေး သည် လည်း မန္တလေး၏ မူလလက်ဟောင်းဈေး

ဖြစ်၏ ။ မြို့လယ်ခေါင် အကွက်အကွင်းကျသော် လည်း ရောင်းဝယ်မှု အားကောင်းပုံသိပ်မရ။ အခုတော့ ထိုနေရာတစ်ဝိုက်သည် မော်တော်ကားတာ ယာ ရောင်းဝယ်ရေးစခန်းတစ်ခု ဖြစ်နေတော့သည် ။ ဈေးဟူသည် ဇွတ်ဖန်တီးလို့ လည်း မရ။ စားသုံး သူ၏ လိုအပ်ချက်အလိုက် ဈေးကွက်က ပေါ်ပေါက်နေရာယူလာကြရတာ ဓမ္မတာဖြစ်ပါသည် ။

မန္တလေးနန်းရှေ့မှာ ဖွင့်လှစ်သော ပန်းတျာကျောင်း၏ မူလအစက ညွှန့်ပေါင်းဈေးအနီးက တိုက်တစ်လုံးမှာ ဖြစ်ပါသည် ။ ထိုနေရာမှာ ကတည်းက အမျိုးသမီး အကနည်းပြအဖြစ် တာဝန်ယူခဲ့ သော ဩဘာသောင်းသည် ကဗျာလွတ် ဒိုးဆစ်များ တွင် ကကွက်များကို ထည့်သွင်းရန်အတွက် စိတ်ကူးကြံစည်နေရော့မည်။

ညွှန့်ပေါင်းဈေး၏ တောင်ဘက် “၈၃”လမ်းမကား အပြောင်းအလဲသိပ်မရှိ။ ကြားမှာ က အ မှတ်(၁၃)အထက ကျောင်းဝင်းကြီး ရှိနေသည် ။ “၃၈”လမ်းရောက်တော့ ကမ္ဗဝါတန်း။ တစ်ပြည်လုံး ရှိ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ အတွက် ကမ္ဗဝါအမျိုးမျိုးကို ဘြနေရာမှာ ပဲ ထုတ်လုပ်ဆက် ကပ်နေသည့် မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းဖြစ်သည် ။ မတိမ်ကောသင့်သော ထိန်းသိမ်းရမည့် ရိုးရာ လုပ်ငန်းတစ်ရပ် ဖြစ်ပါသည် ။

“၈၃”လမ်းမသည် “၃၈”လမ်းကမ္ဗဝါတန်းရောက်တော့ သူ့ခရီး အဆုံးသတ်တော့၏ ။

သူသည် မန္တလေးမြို့လယ်ခေါင် “၁၈”လမ်းမှ သည် ၃၈လမ်းအထိ ဈေးများ ၊ ရုပ်ရှင်ရုံများ ၊ ဟိုတယ်ကြီးများ ၊ ကားဂိတ်များ ၊ အရောင်းအဝယ်ရပ်ကွက်များကို မီးဘေးအကြိမ်ကြိမ် ခံခဲ့ရသော် လည်း ကြံ့ကြံ့ခံကာ သူ့ပခုံးနှစ်ဖက်ပေါ်ထမ်းထားကာ လူရာဝင်စေခဲ့လေသည် ။ သို့သော် ယခု သူ ဂမ်းနည်းပက်လက်ဖြစ်နေရသည် က သူ့တွင် လမ်းမီးတ

စ်ပွင့်တလေမှ မရှိခြင်းပင် ဖြစ်၏။ လရောင် ဆမ်းမှ လန်းရမည့် “ဇ၃”
လမ်းဟု ဆိုရမလို။

***



အေလမ်း၏ မြစ်ဖျား

"နွယ်တော်ရင်စစ် ဖြစ်တော်မူသော ဖေလောင်တော်

လေ့စကြာသခင် နရပတိစည်သူမင်းကြီး၏ ဖကြီးတော်

အလောင်းစည်သူမင်းကြီး၏ သား နရသူမင်း၏ အစ်ကို နောင်

ချစ်မင်းလျှာဖြစ်သော မင်းရှင်စောသည် သက္ကရာဇ် ငါးရာ

တစ်ဆဲ့သုံးခု ဆည်တော်မူသော အလျာတာ သုံထောင် လယ်

ပယ်သုံသောင် မြောင်သုံသွယ်တို့ ဖြင့် အလွန်ကြီး ကျယ်သော ကန်တိလိအမည်ခေါ် အောင်ပင်လယ် ကန်တော် ကြီးသည် ”

မိုင်တိုင်အမှတ် “၆”မိုင် “၂”ဖာလုံ အလွန်တွင် စိုက်ထူထားသည့် အောင်ပင်လယ်ကျောက် စာသည် ရေးရေးသာပေါ်တော့၏ ။ ကျောက်စာကို ငုံ၍ တည်ဆောက်ထားသော အုတ်ဂူသည် ရေ ညှိဝတ်ရုံကို ခပ်ကျဲကျဲ ဝတ်ရုံထားသည် ။ တဘက်ကျဘုရားဆီမှ ဆည်းလည်း သံလေး လွင့်ပျံ့လာ ၏ ။ အောင်ပင်လယ်ကန်ဘောင်ရိုးမှာ တော့ ကုန်ကားကြီးတစ်စီးစ နှစ်စီးစ အပြင်းမောင်းနှင်သွား သည် ။ တစ်ခါတစ်ရံ ဗင်ကားအဖြူလေးတွေ၊ အမိုးဖွင့်ပစ်ကပ်လေးတွေ ခပ်သုတ်သုတ် ဆင်းလာ ကြသည် ။

အောင်ပင်လယ်နတ်နန်း သစ်သားဇရပ်ကြီးရှေ့မှာ တော့ ရပ်တန့်လာသည့် ကားတချို့ကို တစ်ဆယ်ဖိုး သုံးကုံးတန် ဇွန်ပန်းကုံးတွေ အလုအယက် ရောင်းကြမည်။ ဟောသည့်ဘက် သိပ္ပံ လမ်းထောင့်မှာ ဓာတ်ဆီဆိုင်လေးရှိပါသည် ။



အေလမ်းနှင့် အောင်ပင်လယ်ကန်ဘောင်ရိုးသည်........

အောင်ပင်လယ်ကန်ကြီးကို သက္ကရာဇ်(၅၁၃)ခုနှစ်က အလောင်းစည်သူမင်း၏ သားတော် ကြီး မင်းရှင်စော တည်ခဲ့၍ "ကန်တိလိ" အမည်ရှိခဲ့၏ ။ သက္ကရာဇ် ၁၁၅၁မှာ တော့ အမရပူရမြို့ တည် ဘိုးတော်မင်းတရားက ပျက်စီးယိုယွင်းနေသည် များကို ပြင်ဆင်လုပ်ဆောင်ခဲ့ရလေသည် ။ ကန်တော်အလျားတာပေါင်း(၃၀၀၀)ရှိကာ လယ်ပေါင်း(၃၀၀၀၀)၊ မြောင်းသုံးသွယ်တို့ ဖြင့် အလွန် ထင်ရှားသော ကန်တော်ကြီး ဖြစ်ခဲ့ဖူးချေသည် ။ ထိုအတိတ်က ဝေးလှပါဘိတောင်း။

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်ကာလခန့်ကပင်လျှင် နန်းတော်ရှေ့ ဆရာတင်က အောင်ပင်လယ်သည် "တကယ်တော့ အစစ်ကဲ့သို့၊ လယ်ကောဖြစ်လို့ မို့၊ ကောင်းဖို့ ရွယ်သော ခေတ်ကို၊ အထူးသဖြင့် မျှော်မိတယ်" ဟူ၍ ငြီးတွားဖူးသည် ။ ဆရာတင်က အောင်ပင်လယ်ကို ကြာ စိ

မ်း၊ ကြာပြာ၊ ပွင့်နီများ လှုပ်ရှားကာဖြင့် လေယူရာတွင် ကြိုင်လှိုင်မွှေး ကာ အေးကြည်နေမည့် အောင်ပင်လယ်အဖြစ် လွမ်းဆွတ်သည် ။

ကျွန်တော်တို့ ကား အောင်ပင်လယ်ကို ဆရာတင် ဝေဒနာနှင့် ထပ် တူစွာ ကြီးပြင်းလာခဲ့ရ သည် ။ မိုးသားတိမ်လိပ်တို့ တအိအိ တက်လာသ ည့် ကောင်းကင်နှင့် ပြာညိုမှိုင်း အရှေ့ရိုးမတို့ ရော ထွေးနေ၏ ။ ရိုးမအ ခြေတွင် ရန်ကင်းတောင်သည် ဝပ်ဆင်းနေသည် ။ ကောင်းကင်မှိုင်းနှင့် ရိုးမညို ပြီးလျှင်တော့ တစ်ပြင်လုံး အစိမ်း။



အစိမ်းသည် ပင်လယ်ဖြစ်သည် ။

ပင်လယ်လို လှိုင်းလုံးများ ရှိသည် ။ ကွင်းလေသည် စပါးခင်းများကို

တိုးဝှေ့ကာ လှိုင်းဖော် သွားခဲ့၏ ။ အစိမ်းလှိုင်းလုံးများက ဝုန်းခနဲ၊ ဝုန်းခနဲ မဟုတ်ဘဲ တအိအိဖြင့် ကမ်းစပ်ကို လာရိုက် သည် ဟု ထင်ရသည် ။ ကမ်းစပ်သည် အောင်ပင်လယ် ကန်ပေါင်ရိုး။ သို့သော် ကမ်းစပ်မှ အစိမ်း လှိုင်းလုံးတို့ ပြေးတက်မလာ။ ကန်ပေါင်ရိုးနှင့် လယ်ကွက်အကြား ရေအိုင်စပ်စပ်မှာ အစိမ်းလှိုင်း အ ရိပ်ထင်ခြင်း ဖြစ်သည် ။ ရေအိုင်ထဲမှာ လူတစ်ယောက်ငါးမျှားနေသည် ။ သူက အစိမ်းလှိုင်းတွေကို မြင်မှာ မဟုတ်။ တင်းနေသောကြိုးကို ငါးမျှားတံ၏ ကိုင်းညွတ်အားနှင့် ငေးကြည့်နေသည် ။

ကျွန်တော်ကတော့ တိမ်လိပ်ရိုးမနှင့် အစိမ်းလှိုင်းလုံးများကို ခံစားရင်း ဇာတ်ညွှန်းတစ်ပုဒ် ရေးဖွဲ့မိနေသည် ။ အောင်ပင်လယ်ကန်ပေါင်ရိုးတွင် စူပါကပ်ဆိုင်ကယ်လေးရှိမည်။ ကောင်လေးတစ် ယောက်ရှိမည်။ ကောင်မလေးက နောက်ကထိုင်ကာ ကောင်ကလေးခါးဖက်မည်။ အရှိန်ပြင်းပြင်း မောင်းနှင်မှာ မို့ ကောင်မလေးက သူ့ပခုံးကလေး၊ ကောင်လေးကျောမှာ မြှုပ်သွားမတတ် ဖိကပ် ထားမည်။ ကိုယ်လုံးလှလှကောင်မလေးမို့၊ ဆိုင်ကယ်၏ ခပ်သေးသေး ထိုင်ခုံမှာ သူ့ကိုယ်လုံးလေး ကို ကြွကြွလေးတင်ထားရသည် ။

ဆိုင်ကယ် အပြင်းမောင်း. . .၊ ကောင်မလေးဆံပင် လေမှာ လွင့်. . .။ ကောင်မလေးလည် မှာ စည်းထားသည့် မာဖ လာလေးလည်း လွင့်. . .။ နောက်မှာ . . .အစိမ်းလှိုင်းလုံးများ . . .။ ကတ်. .။

***

အောင်ပင်လယ်ကန်ပေါင်ရိုးက ကန်ကောက်ရွာကလေးမှာ ကျွန်

တော့်မိတ်ဆွေတွေ ရှိပါ သည် ။ ကန်ကောက်ရွာသည် အောင်ပင်လယ် ကန်တော်ကောက်၍ စီးဆင်းရာဖြစ်သောကြောင့် ကန်ကောက်ဟု ခေါ် တွင် ခဲ့လေသတဲ့ . . .။ မင်းတုန်းမင်းတရားကြီးက ကန်ကောက်ကို ကန် ကောင်း ဟု ခေါ်တွင် ရစေမည်ဟု အမိန့်တော်ရှိခဲ့ဖူး၏ ။ ကန်ကောင်း ဥ ယျာဉ်တော်ဘွဲ့ သီချင်းကြီးတစ်ပုဒ်ကို ပင် မဟာမင်းလှမင်းထင် သန် ယာ ရေးသားဆက်သွင်းဖူးလေသည် ။

ကန်ကောက်ရွာနှင့် မလှမ်းမကမ်း အောင်ပင်လယ်ကန်ပေါင်ရိုးမှာ ပင် “အေ”လမ်းသည် စ တင်စီးဆင်းခဲ့လေသည် ။ “အေ”လမ်းနှင့် အော င်ပင်လယ်ကန်ပေါင်ရိုးသည် ၉၀ ဒီဂရီ တည့်တည့် ဆုံသည် ။ ထိုကျင်တွ ယ်နေရာကို အောင်ပင်လယ်ကွေ့ဟု ခေါ်သည် ။ အန္တရာယ်ကွေ့တစ်ခုအ ဖြစ် ကျော်ကြားခဲ့၏ ။ ထိုနေရာမှ အရှေ့ဆီမျှော်လျှင်လည်းကောင်း၊ အ နောက်ဆီမျှော်လျှင်လည်း ကောင်း၊ တောတောင်အကွက်အကွင်းနှင့်၊ မြို့ပြအကွက်အကွင်းကို စည်းခြားမြင်ရလေသည် ။ တစ် ချိန်က ထိုနေ ရာတွင် ကုန်စိမ်းတွေကို နောက်က ကယ်ရီယာမှာ အပြည့်တင်ထားသ ည့် M.M.T.A ဂျစ်ကားလေးတွေ တအိအိဖြတ်သွားကြမည်။ အခုတော့ နောက်ဆုံးပေါ် မက်တူးတွေ၊ လင်ခရုဆာ တွေ၊ ဆယ်ဘီးယူဒီကြီးတွေ ဝေါခနဲ ကွေ့တက်သွားကြမည်။

မည်သို့ပင်ဆိုစေ အမြင်မရိုးသေးတာကတော့ အမိုးဖွင့်မြင်းလှည်း လေးနှင့် ရွာအလှူပွဲ သွား ကြတာမျိုးဖြစ်သည် ။ ကောက်ရိုးလှည်းတွေ တအီအီဖြတ်သွားတာ ရှိသေးသော်လည်း ထော်လာဂျီ တဝုန်းဝန်းအသံ တွေလည်း ပြေးလွှားနေကြပါပြီ။

အပြောင်းအလဲကြီး ပြောင်းသွားတာတစ်ခုကတော့ “အေ”လမ်း၏ ထိပ် တည့်တည့်ကနေ ကုမ္ပဏီကြော်ငြာဆိုင်းဘုတ်တွေက အဖိုးတန်မြ

င်ကွင်းကျယ်ကြီးတစ်ခုကို ပိတ်ဆို့ထားခြင်းပင် ဖြစ် ပါသည် ။ ကောင်းကင်ပြာကြီးကို အလှကုန်ပစ္စည်းများက ကွယ်လိုက်သည် ။ ရိုးမညို့ညို့ကို စီးက ရက်ဘူးတွေနှင့် တန်းစီပိတ်လိုက်သည် ။ လယ်ကွင်းစိမ်းစိမ်းတွေကို ဘီယာပုလင်းများ နှင့် ဆီးတား လိုက်သည် ။

"အေ"လမ်း၏ မြစ်ဖျားသည် အစဉ်အလာနှင့် အပြောင်းအလဲကြား မနည်းစီးဆင်းနေရ၏ ။ ကန်ပေါင်ရိုးက အဆင်း လယ်ကွင်းများက တော့ "အေ"လမ်းတစ်ဖက်တစ်ချက်မှာ ရှိနေတာ. . .အ ရင်က အတိုင်းပဲ ဖြစ်ပါသည် ။ "အေ"လမ်းမကြီးကတော့ ခြောက်လမ်းသွားကြီး ဖြစ်သွားတာပေါ့။ အရင်လို ကားနှစ်စီး ရှောင်သာရုံမဟုတ်တော့။ ကားနှစ်စီး ရှောင်သာရုံခေတ်ကလည်း အရင်လို လှည်းလမ်းသာသာ ဖြစ်ခဲ့တာ လွမ်းဆွတ်ချင် လွမ်းဆွတ်နေမှာ ပေါ့။ အဲ့သည် လှည်းလမ်းပေါ်မှာ . . .။ ရွှေစာရံဘုရားပွဲတော်သို့သွားသည့် လှည်းတန်းရှည်ကြီးလည်း ဖြတ်သွားဖူးမှာ ပေါ့။ ဆရာကြီး ရွှေ ဥဒေါင်းကတော့ ရွှေစာရံဘုရားသို့ လှည်းနှင့် တစ်စုတစ်ဝေး သွားရခြင်းကို တစ်သက်တာတွင် အ ပျော်ဆုံးသောပွဲဟု ရေးသားခဲ့လေသည် ။



ဝါခင်းကုန်းဘုရားသည် မာန်အောင်ရတနာဘွဲ့တော်
မည်လေသည်.........

“. . .ကျွန်ုပ်တို့ ၏ အရပ်မှ လှည်းများ သည် အောင်ပင်လယ်ကန်ပေါင်ရိုးသို့ ရောက်ကြသော အခါ လှည်းတန်းရှည်ကြီးနှင့် ဆုံမိကြ၍ ၎င်းအထဲ၌ နေရာယူကာ အပါအဝင်ပြုလျက် မောင်းနှင်ကြ လေ၏ ။ ထိုအချိန်

၌ မူ လမင်းသည် အတော်မြင့် လာပြီဖြစ်၍ လှည်းတန်းရှည်ကြီး၏ ရှည်လျားခြင်းကို မြင်နိုင်လေပြီ။ သို့ရာတွင် ဤမျှလောက်ရှည်လျားသည် ကိုမူ မမြင်နိုင်ချေ။ မန္တလေးတစ်မြို့လုံးမှ ဘု ရားပွဲသွားများ သည် ဤအချိန်တွင် ဤနေရာသို့ရောက်အောင်(လနာရီဖြင့်)လှည်းမောင်းလာခြင်း ဖြစ်သောကြောင့် တပေါင်းတည်းဆုံမိကြရာတွင် နှစ်ပြသုံးပြ ရှည်လျားပါလိမ့်မည်။ ထိုစဉ်ကမူ ဗီရို လှည်း တစ်စီးတလေမှ တစ်ပါး မြင်းရထား၊ မြင်းလှည်း၊ မိုတိုကား၊ ဒေါက်ကယ်၊ ဘက်ဂီစသော ယာဉ်မျိုးမပါ။ ပေါင်းမိုးနှင့် နွားလှည်းတွေကြီးဖြစ်ကြ၍ အနေးအမြန်မရှိ။ တစ်စီးနှင့်တစ်စီးက ကျော် တက်ခြင်းလည်း မရှိ။ (လမ်းကျဉ်းသောကြောင့် ကျော်တက်ရန်လည်း မဖြစ်နိုင်)။ တစ်စီးနောက်မှ တစ်စီး တဖြည်းဖြည်း တအိအိ ဖိမ်ရှိရှိ မောင်းနှင်ရလေသည် ။ ” ဟူ၍ ဖြစ်၏ ။ ဤလမ်းတစ်လျှောက် တွင် ဆရာကြီးရွှေဥဒေါင်းသည် သီချင်းတကျော်ကျော်နှင့် ပျော်မြူးခဲ့လေသည် ။ ရုပ်သေးမင်းသမီး ကြီး ဆရာပု၏ တေးချင်း၊ ကိုဘကျော့၏ မြိုင်ထ၊ စပယ်သက်ကြီး၏ ပတ္တမြားမှန်ဂူ(ဆဒ္ဒန်ဆင်မင်း တောလား)ကြီးတို့ ဖြစ်သည် ။

“. . .ဟန်တစ်မျိုးဒြပ်ဆင်ကာ အခုအခြေက ကောင်းတာမို့၊ ကန်ရိုးနတ်စင်မှာ ဆုတွေ တောင်းပါလို့ ၊ ယခု အခြေကောင်းတာမို့ ဗျပါစကြွယ်၊ ဗျပါစကြွယ်၊ ဆုတွေတောင်းပါလို့ ၊ လာ. . .ငါ. . .ငါ. . .ငါ. . .လာရတယ်။

လှည်းပေါင်းမိုး တစ်စီးထက်မှ ရွှေစာရံမြိုင်ထ ရှေးသီချင်းသံသည် လွင့်ပျံခဲ့ဖူးတာ ဒီနေရာ မှာ ဖြစ်ပါသည် ။ လရောင်သည် အောင်ပင်လယ်ကန်ပေါင်ရိုးပေါ် . . ။ ရိုးပြတ်ငုတ်တိုတွေပေါ် . . ၊ လယ်ကန်သင်းဘေးက ရေအိုင်စပ်စပ်ပေါ် . . ။ လှည်းပေါင်းမိုးပေါ် . . ၊ အမြီးတရမ်းရမ်း နွားနှစ် ကောင်ပေါ်အထိ အချိုးညီ ကျရောက်နေ၏ ။ ခပ်လှမ်းလှမ်း. . .မန္တလေးတောင်ပေါ်မှာ မီးတစ်ပွင့်စ နှစ်ပွင့်စ ခပ်လှုပ်

လှုပ်. . .။

မီးတစ်ပွင့်စ,နှစ်ပွင့်စ သာမက. . .မီးစောင်းတန်း တစ်သွယ်သည် မန္တလေးတောင်ပေါ်မှာ ဖြန့်ဆင်းနေသည် ။ အရှိန်ပြင်းပြင်းမောင်းနှင်လာသော ကုန်ကားကြီးတွေ၏ ရှေ့မီးကြီးများက အောင်ပင်လယ် ကန်ပေါင်ရိုးမှ သည် “အေ”လမ်းသို့ ကွေ့ဆင်းလာတိုင်း. . .(ဖ)လမ်းသွား လမ်းမကျယ်၏ ယာဘက်ဘေးမှာ ကပ်ရပ်ထားသည့် မှန်အလုံပိတ် ကားလေးတွေအပေါ် ဖြန့်ကျက်ဆ လိုက် ထိုးလိုက်သလို ဖြစ်၏ ။



ယခုကလေးအားကစားကွင်းများ ပန်းခြံများ........

မှန်အလုံကားလေးတွေက တစ်စီးမက. . .။ နှစ်စီး၊ သုံးစီး၊ လေးစီး၊ ငါးစီးလည်း မက. . .။ အားလုံးက မှန်အမည်းကိုယ်စီနှင့်ချည်း ဖြစ်သည် ။ ညဥ့်နက်သန်းခေါင်တိုင်အောင် သည် ကားလေး တွေ ဘာလို့ ရပ်ထားကြသလဲ. . .။ တချို့ကားက Metallica ၏ Load ကိုဖွင့်ထားမည်

။ တချို့က The Fugees ၏ Score. . .။ တချို့က သီရိဂျေမောင်မောင်၏ “ လှုပ်ရှားနေတယ် ဆို”. . .။ တစ်စီး တလေက ပိုးအိစံ၏ “ရွှေတွံတွေး. . .” ။ တေးသွားအားလုံးက ခပ်တိုးတိုး ခပ်ငြိမ့်ငြိမ့်. . .။ ခဏနေ တော့ ကား မှန်တစ်ချပ်ဖွင့်. . .။ ဘီယာဗူးခွံနှစ်ဗူး ပြိုင်တူလွှင့်ပစ်. . .။ ထို့နောက်. . .။

မန္တလေးသားတွေကတော့ “အေ”လမ်းမြစ်ဖျားက ကားလေးတွေကို “လမ်းဘေးဟိုတယ်” ဟု ခေါ်ကြသည် ။

***

“အေ”လမ်းဘေးက ကန်ကောက်ရွာကလေး၏ အလှူများကို သတိ ရမိနေသည် ။ မန္တလေး မြို့နှင့် အနီးဆုံးဖြစ်သော်လည်း တကယ့်မြန်မာ့ ဓလေ့၊ တောဓလေ့ စရိုက်များကို အလှူများ တွင် တွေ့နေရသည် ။ အ လှူဝင် ညနေခင်းက ရှင်လောင်းလှည့်ပွဲ၊ အလှူကြီးနေ့က ဆိုင်းနှင့် ဘိ သိတ်. . .၊ အားခဲကာ ပျော်ကြပုံများကို လွမ်းဆွတ်ဖွယ်ဖြစ်သည် ။ အခု တော့ ကန်ကောက်သည် ရွာဓလေ့၊ ရွာစရိုက် ပျောက်ပျက်သွားပါပြီ။ မြေကွက်၊ မြေစလစ်၊ ဘဲခေါင်းစိမ်း၊ ဘိလပ်မြေ425၊ သစ်မာတန် ဈေး. . .။ စသည့်စသည့် ခေတ်ပေါ်ဝေါဟာရများ ဖြင့် နေသားကျသွားချေပြီ။ ကန်ကောက်ရွာထဲမှာ ပင် ရေနီမြောင်းဖြတ်သွားသည် ၊ ယခုတော့ ထိုမြောင်းသည် လယ်ကွက်များ ဆီ အထောက်အပံ့ပေး နေရသေး၏ ။

ကန်ကောက်နှင့်မလှမ်းမကမ်း “အေ”လမ်း၏ တောင်ဘက်၌ ရွှေဂုံ ပွားရွာရှိသည် ။ ယခင်က မျောတိုင်၊ ထန်းလက်တဲနှင့် ထန်းရည်ချိုအိုး လေးများ ရှိသော ရွှေဂုံပွားရွာသည် အခုတော့ သစ်လွင် သွား၏ ။ မျက်နှာစာတန်းက လက်ဖက်ရည်ဆိုင်များ . . .။ ရွှေဂုံပွားနှင့် မျက်နှာချ

င်းဆိုင်လောက် တွင် . . .ဝါခင်းကုန်းဘုရားရှိသည် ။ ဝါခင်းကုန်းဘုရားသည် မာရ်အောင်ရတနာဘွဲ့တော်မည်လေ သည် ။ သက္ကရာဇ် ၁၂၄၁ခု ကဆုန်လဆန်း(၄)ရက် အင်္ဂါနေ့တွင် မဟာသီရိဟေမဝန် ဥယျာဉ်တော် အရပ်၌ ဖိနပ်တော် ငါးဆယ့်ငါးတောင်၊ အရပ် ငါးဆယ့်ခြောက်တောင်ရှိသော စေတီတော်ကို သား တော် သီပေါမင်းက တည်ထားကိုးကွယ်ခဲ့လေသည် ။

ကျွန်တော်သည် ရွှေဂဲပွားရွာက ရွှေအင်း၀ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ကျယ်ပြန့်သွား ကာ အရိပ်ကင်းမဲ့နေသည့် “အေ”လမ်းမကြီးကို ငေးကြည့်နေမိသည် ။ ဝါခင်းကုန်းဘုရား မုခ်ဦး ဘေးက ဘောလုံးကွင်းထဲမှာ ကလေးတချို့ ဘောလုံးကစားနေကြ၏ ။ သူတို့ ကစားနေသည့်ပုံစံက အလေ့အကျင့်နှင့် ဝါသနာမရှိဘဲ သည် အချိန်တွင် လုပ်သင့်သည့် အလုပ်တစ်ခုဟု ယူဆကာ က စားနေကြသည့်ပုံစံမျိုး ဖြစ်၏ ။

ခဏနေတော့ “အေ”လမ်းကို ဖြတ်သည့် မြို့ပတ်မီးရထားလမ်းမှာ ကားလမ်းကူးတံခါးကို ပိတ်ပြီး ရထားတစ်စင်း ဖြတ်သွားသည် ။ မြို့ပတ်ရထားဖြစ်မည်။ တွဲနှစ်တွဲလောက်သာပါ၏ ။ လူက လေးငါးဆယ်ယောက်ထက်မပို။ မြို့ပတ်ရထားက မြို့လယ်ရထားဖြစ်နေသည် ။ တကယ့်အသွားအ လာခက်ခဲသည့် မြို့စွန်မြို့ဖျားထိ မရောက်။ မန္တလေးမြို့၏ တိုးချဲ့ပြန့်ကားလာမှုက မြန်ဆန်လို့ လည်း ဖြစ်ပါလိမ့်မည်။ မကြာသေးလှသော နှစ်အချို့က ဖောက်လုပ်ခဲ့သည့်လမ်းဖြစ်သည် ။ ယခု ဘာမှ ကြာသေးတာမဟုတ်။ စီမံကိန်းတစ်ခုသည် လတ်တလောအတွက် လိုအပ်ချက်သာမက တိုး တက်လာမည့် မြို့ပြအနေအထားအရ လိုက်လျောညီထွေမှု၊ အနှောင့်အယှက်မဖြစ်မှုထိ စဉ်းစားရ ချေမည်။

မြို့ပတ်ရထားဖွင့်ကာစက မြို့တစ်ပတ်(တကယ်တော့ တစ်ပတ်မဟု

တ်၊ တစ်ခြမ်း)ကို စီး ကြည့်ဖူးသည် ။ မန္တလေးဘူတာကြီးမှ ထွက်ကာ ရှမ်းစု၊ မြို့ဟောင်း၊ ချမ်းမြရွှေပြည်၊ သိုးခြံ၊ ကန်သာ ယာ၊ အောင်ပင်လယ်၊ ယာဉ်ပျံ၊ နန်းရှေ့၊ ဒေါနဘွား၊ နွယ်နီ၊ အိုးဘို၊ သူရဲဈေး၊ ဘူတာကြီး၊ အရှေ့ ခြမ်းဖြစ်ပါသည် ။ မန္တလေးကို ဖြတ်ပိုင်းမြင်ရခြင်းနှင့်တူလှ၏ ။ တိုက်အိုတိုက်ဟောင်း၊ နောက်ဖေး လမ်းကြား၊ ဘုန်းကြီးကျောင်းတံတိုင်း၊ လမ်းသစ်ဘေး၊ ဆောက်လက်စအဆောက်အအုံ၊ မြို့ကွက် သစ် တစ်ဖြစ်လဲ လယ်ကွက်၊ ရေအိုင်၊ တိုက်သစ်ကြီးများ ၊ သုသာန်ဟောင်း. . .၊ ရေနီမြောင်း၊ စိမ်း လဲ့လယ်ကွင်း. . .။ စစ်တန်းလျား၊ မန္တလေးအရှေ့မြို့ပတ်ရထားလမ်းသည် လေးငါးခြောက်နှစ်ဖြတ် ပိုင်းခရီးစဉ်မြင်ကွင်း ဖြစ်၏ ။

ထိုအချိန်က မြို့ပတ်ရထားသည် နာရီဝက်တစ်စင်း ထွက်နေ၏ ။ လက်ယာရစ်၊ လက်ဝဲရစ်. . .။ မြို့သစ်နေလူထု အဆင်ပြေသည် ။ စိတ်ချမ်းသာသည် ။ လုပ်ငန်းကိုင်ငန်း ချောမွေ့သည် ။ နောက်တော့. . .၊ နန်းမြို့တွင်း ရထားသွားလာခွင့် ပိတ်လိုက်သည် ။ အခု. . .မြို့ပတ်ရထားများ ဘယ်အချိန်က ဘယ်လိုထွက်နေသည် မသိ. . .။ အနောက်မြို့ပတ်လမ်းကတော့ ဖျက်သိမ်းပြီးပါပြီ။

ယခုမြင်လိုက်ရသည့် မြို့ပတ်ရထားက ယာဉ်ပျံဘူတာလေးက ထွက်လာတာ ဖြစ်ပါလိမ့် မည်။ "အေ"လမ်း မြောက်ဘက်ခြမ်းမှာ ယာဉ်ပျံရွာကလေးရှိပါသည် ။ ထန်းတောတွေ ညို့ညို့ဆိုင်း ဆိုင်းနှင့် သာယာလှသော ရွာကလေးဖြစ်ပါသည် ။ နာမည်ကျော် ယာဉ်ပျံထန်းရည်ကို မန္တလေးသား လက်ဟောင်းများ စွဲမက်ခဲ့ဖူးသည် ။ ယာဉ်ပျံရွာက ထန်းရည်သောက်ကာ ရီဝေရီဝေနှင့် ဦးကောသု သာန်ကို ဖြတ်ကာ ရေနီမြောင်းမှာ ရေဆင်းချိုးဖူးသည် ။ ယခုတော့ ဦးကောသုသာန်လည်း မရှိ တော့။ ယာဉ်ပျံရွာလေးလည်း မြို့ကွက်သစ်များ နှင့် အဝတ် ပြောင်း

ဝတ်နေသည် ။ ယာဉ်ပျံထန်းရည် ဆိုတာက ရှိသေးလားပင် မသိ. . .။ ရေနီမြောင်းထိပ် ယာဉ်ပျံရှာဦးပေါက်က ဆီချက်ခေါက်ဆွဲဆိုင် မှာ ဘီယာပူးတွေ တန်းစီနေသည် ။

"အေ"လမ်းနှင့် ဦးကောသုသာန် အဝင်ကြားမှာ အသားဇရပ်ကြီးများ ရှိဖူးသည် ။ ထိုဇရပ်ကြီး များ တွင် "အနာဂတ်လွတ်မြောက်ရေး ပြည်သူ့စာကြည့်တိုက်" ဆိုတာ ရှိခဲ့သည် ။ အထူးကိုယ်ရေ ရောဂါသည် များ အစည်းအရုံး(အ-က-ရ-စ)ဆိုတာလည်း ရှိခဲ့သည် ။ "အေ"လမ်း၏ တောင်ဘက်မှာ မနော်ရမ္မဥယျာဉ်ရှိသည် ။ ခရစ်သက္ကရာဇ် ၁၈၉၇ပြည့်နှစ်၌ ဘုန်းတော်ကြီး အာလျူအာရ်ဝင်စတန် သည် ထိုစဉ်အခါက မင်းကြီးဖြစ်ခဲ့ဖူးသည့် ဆာချားလ်ခရော့စ်သာဝိတ်အား အနာကြီးရောဂါသည် များ အတွက် ဆေးရုံတစ်ရုံဆောက်လိုကြောင်း တင်ပြ၍ ၁၈၉၁ခု၊ ဇန်နဝါရီလတွင် မနော်ရမ္မဥယျာဉ် တော်တွင် ဆေးရုံအဆောက်အအုံ ပထမဆုံး ဆောက်ကာ လူနာများကို ကုသခဲ့သည် ။ ခရစ်ယာန် သာသနာပြုများ ဦးစီးတည်ထောင်ခဲ့သော အနာကြီးစခန်းများ ၊ ဆေးရုံများကို ၁၉၆၆ခု ဇူလိုင်လ (၂၂)ရက်တွင် နိုင်ငံတော်အစိုးရက လွှဲပြောင်းတာဝန်ယူခဲ့သည် ။

"အေ"လမ်း မြောက်ဘက်မှာ ရှိခဲ့ဖူးသော အသားဇရပ်ကြီးတွေက စာကြည့်တိုက်သည် လည်းကောင်း၊ အစည်းအရုံးသည် လည်းကောင်း၊ အနာကြီးရောဂါသည် များ ဖွဲ့မာန်အပြည့်ဖြင့် ထူ ထောင်ထားခဲ့သော လုပ်ငန်းများ ဖြစ်သည် ။ ယခုစာကြည့်တိုက်ဆိုင်းဘုတ်ကလေး မတ္တရာမြို့နယ် ရေနံ့သာစခန်းအရှေ့ဘက်ရှိ တောင်ခြေက ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်တစ်ဆောင်မှာ ရောက်နေသည် ။

ယခု. . ."အေ"လမ်း၏ ထိုနေရာများ သည်

အုတ်တံတိုင်းမြင့်ခတ်ဝင်းကျယ်ကြီးများ ဖြစ်လာ ကြ၏ ။ မူးယစ်ဆေးစွဲကုသ ဆေးရုံဝင်းကြီး ဖြစ်လာ၏ ။ အဘယာရာမတိုက်ကြီး အနောက်ဘက်မှာ ရုံးပေါင်းစုံဝင်းကြီးဖြစ်လာ၏ ။ "အေ"လမ်း၏ မြောက်ဘက်ခြမ်းက ပြည်ကြီးမျက်ရှင်ဖြစ်သည် ။ တောင်ဘက်က မဟာမြိုင် (၁) (၂) ဖြစ်သည် ။

"အေ"လမ်းသည် အနောက်သို့ ဆက်လက်စီးဆင်းလာသောအခါ ဆရာအတတ်သင်သိပ္ပံ ကျောင်း မရောက်မီ၌ ရေနီမြောင်းသည် လမ်းမအောက်က ၄၅ဒီဂရီ စွေစောင်းစောင်းဖြတ်သွား လေသည် ။ ခပ်တိမ်တိမ် မြောင်းဖြစ်သောကြောင့် လမ်းမကြီးက မြင့်တက်ခုံးပေးရသည် ။ ထိုနေရာ ကား အန္တရာယ်ကြီးလှသော နေရာ ဖြစ်၏ ။ ခုံးနေတာက တည့်တည့်မဟုတ်ဘဲ ၄၅ဒီဂရီအစောင်းမို့ လမ်းက လိမ်နေသည် ။ စင်စစ်ရေနီမြောင်းသည် ရှေးမြန်မာမင်းများ လက်ထက်က လယ်များ ရေ ပေးဝေသည့် လက်တံမြောင်း ဖြစ်၏ ။ ယခု လယ်ကွင်းများ မရှိတော့ လူနေရပ်ကွက် အလယ်ခေါင်မှာ ဖြစ်သည် ။ နန်းရှေ့မာန်အောင်တိုက်အရှေ့ဘက်တွင် ခွဲထွက်လာသည့်မြောင်းဖြစ်သည် ။ မက္ခရာ တိုက်အရှေ့ဘက်မှာ နဒီမြောင်းအဖြစ် ခွဲပြန်သည် ။ ထို့နောက် စည်ပုတ္တာရာတိုက်အနီးကနေ ထောင့်ဖြတ်စီးသည် ။ ဆရာအတတ်သင် နောက်ကျော၊ "အေ"လမ်း၊ ဗန်းမော်တိုက်၊ တက္ကသိုလ်အ ရန်တပ်ရင်း၊ တက္ကသိုလ်ကျောင်းအနောက်ဘက်မှ ပတ်ကာ လေယာဉ်ကွင်း အရှေ့ဘက်မှ သည် ဝေသာလီဘုရားအနီးမှာ ကောသွားသည် ။ လယ်ရေပေးဝေသော မြောင်းကို နက်နက်တူးအုတ်စီ ကာ ရေဆိုးမြောင်းအဖြစ် အသုံးချသော် အကျိုးရှိပါမည်လောဆိုတာ စဉ်းစားစရာဖြစ်ပါသည် ။

ထို့အတူ နဒီမြောင်း၊ ကိုလံဘိုတူးမြောင်းများ သည် လည်း ယခင်က လယ်ယာမြေ ရေပေး ဝေရေး မြောင်းများ ဖြစ်ခဲ့ကြပါသည် ။ နှစ်ပေါင်း

များ စွာ သည် အတိုင်း ပစ်ထားခဲ့ကြမည့်အစား ရေဆိုး ထုတ်မြောင်းများ အဖြစ် အသုံးချလျှင် မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာရုံနှင့် လမ်းပေါ် ရေတင်သော ဒုက္ခက ရှောင်နိုင်ပေလိမ့်မည်။ ထိုမြောင်းကြီးများကား မြို့ကို တောင်မြောက်မိုင်ချီ၍ဖြတ်သန်းနေကြသည့် ရှိရင်းစွဲ မြောင်းများ ပင် ဖြစ်၏။

"အေ"လမ်းသည် ရေနီမြောင်းကျော်ပြီး မကြာမီ ယခင်က ခရစ်ယာန်သုသာန်၊ တရုတ်သု သာန်ဝင်းဟောင်းကြီးများ ၊ ယခု ကလေးကစားကွင်းများ ၊ ပန်းခြံများ ၊ ရုံးဝင်းကြီးများ နှင့်အတူ လဟာ ပြင်ဇာတ်ရုံကြီးကိုလည်း ဖြတ်သန်းသွားပါသည် ။ စကြာနွယ်စဉ်ရပ် မရောက်မီ ငွေတစ်ချောင်း မြောင်းကိုကျော်ရသည် ။ စကြာနွယ်စဉ်အရပ်တွင် "၇၃"လမ်းခေါ် မင်္ဂလာလမ်းနှင့် ဆုံသည် ။ မင်္ဂ လာလမ်းမသည် တောင်ဘက်တွင် မန္တလေးတက္ကသိုလ်အဓိပတိဆောင်ကြီးသို့ ဦးတိုက်၏ ။ မြောက် ဘက်တွင် နန်းမြို့မင်္ဂလာတံခါးဂိတ်တွင် အစပြု၏။ မင်္ဂလာလမ်းမနှင့် "အေ" လမ်းဆုံသည် ရှုပ် ထွေးသောနေရာဖြစ်သည် ။ တက္ကသိုလ် ကျောင်းသွား ၊ ကျောင်းပြန် စက်ဘီး၊ ဆိုင်ကယ်၊ ကားတွေ နှင့် တောင်ပေါ်မှ အမောတကော ပြေးဆင်းလာသည့် လောဘဇောတိုက် ကုန်ကားကြီးတွေ ဆုံကြ ရသည် ။ ထိုနေရာတွင် မီးပွိုင့်ရှိပါသည် ။ သို့သော် မလင်း. . .။

မင်္ဂလာလမ်းအနောက်ဘက်လွန်တော့ "အေ"လမ်း ဝဲယာတွင် အဆောက်အအုံသစ်တွေ ထိုးထိုးထောင်ထောင် မြင်ရသည် ။ တစ်နှစ်ဆီက မီးလောင်ခဲ့သော ရပ်ကွက် ဖြစ်၏ ။ ယခုအခါ "တဲ ပေါ်မှ သည် တိုက်ပေါ်စီမံချက်" ဖြင့် ကန်ထရိုက်လူနေတိုက်ခန်းကြီးများ ပိုတိုးလာသည် ။

"အေ"လမ်းမ၏ ထိုအပိုင်းက ကားမှတ်တိုင်များက စိတ်ဝင်စားစရာ

ကောင်းလှ၏ ။ စိန်ပန်း နှင့် တက္ကသိုလ်ပြေးသော အမှတ်(၃)ဘတ်စ်ကားကြီးများကို တအိအိ. . .စီး လာပြီး “အေ”လမ်းအ တိုင်း တက်လာသောအခါ. . .“၇၆”လမ်း၊ “၇၅”လမ်းလောက်မှ စ၍ ဦးဘကြည်မှတ်တိုင်ရှိသည် ။ တင်တင်မာမှတ်တိုင် ရှိသည် ။ ဟာဂျီရှိန် မှတ်တိုင်ရှိသည် ။

“ဦးဘကြည် ပါလား၊ ဦးဘကြည် ပါလား” ဟု စပယ်ယာက မေးသောအခါ “ပါတယ်၊ ပါ တယ်”ဟု အော်ပြီး ထီးကောက်နှင့် အဘိုးကြီး ဆင်းသွားသတဲ့ . . .။ “တင်တင်မာ ပါလား၊ တင်တင် မာ ပါလား” ဟု ဆိုသောအခါ ပလတ်စတစ်ခြင်းနှင့် မိန်းကလေးတစ်ယောက် ဆင်းသွားသည် ။ “ဟာဂျီရှိန်၊ ဟာဂျီရှိန်”ဟု စပယ်ယာက အော်တော့ သပ်ရပ်သားနားသော မဈွိမန္တယ်ဖွားတစ်ဦး ဆင်းသွားသတဲ့ . . .။ ထိုအခါ အရာတော်က တက္ကသိုလ်လာတက်သည့် တင်မောင်ထွန်းခမျာ မန္တ လေးက ဘတ်စ်ကားတွေက လူနာမည် အော်ဆင်းရတယ်မှတ်ပြီး “တင်မောင်ထွန်းပါတယ်၊ တင် မောင်ထွန်းပါတယ်“ အော်သော်လည်း ကားမရပ်ဘဲ ဂိတ်ထိ ပါသွားဖူးသည် ။

တကယ်တော့ ဦးဘကြည်မှတ်တိုင်မှာ အမှတ်(၃)အ-လ-ကကျောင်း၏ ယခင်နာမည် “ဦး ဘကြည်ကျောင်း”နေရာ ဖြစ်၏ ။ တင်တင်မာက ဆေးလိပ်ခုံဖြစ်သည် ။ ဟာဂျီရှိန်မှာ နာမည်ကျော် ဒန်ပေါက်ဆိုင်ကြီးဖြစ်ပါသည် ။ ထိုအခါက သူ့တိုက်မှာ ခေတ်မီလှပသောတိုက်ဖြစ်၍ “တိုက်သစ်” မှတ်တိုင်ဟု လည်း ခေါ်ခဲ့ကြပါသည် ။

ယခု “အေ”လမ်း၏ ထိုနေရာများ သည် တိုက်သစ်တွေချည်းဖြစ်ကုန်ကြ၏ ။ မန္တလေး၏ ည အလင်းဆိုင်များ တွင် နာမည်ကြီးသော “ကီးမားတင်ဝင်း” စားသောက်ဆိုင်လည်း “အေ”လမ်းမပေါ် ရှိပါသည် ။ ထို့နောက် မျက်ပါးရပ်ရောက်သည် ။ မြန်မာ့ရွှေဆိုင်းလုပ်ငန်း၏ ရွှေလှော်စ

ကျူထုတ် လုပ်သောအရပ် ဖြစ်ခဲ့ဖူးသည် ။ ယခု ပရိဘောဂတန်း ဖြစ်၍ ။ ပရိဘောဂများ အမျိုးစုံရောင်းသည် ။ "အေ"လမ်း မျက်နှာစာဆိုင်ကြီးတွေ မှာ အခန့်အသန့်များ ရောင်းပြီး နောက်ဘက်လမ်းကြားတွေမှာ အကြမ်းထည်များ ရောင်းကြသည် ။

၃၅"အေ"လမ်းသည် ဆက်လက်စီးဆင်းသွားကာ (၇၈)လမ်း ရောက်သောအခါ (၆)လမ်း သွား လမ်းမကြီးသည် ဂုံးကျော်တံတားဆီသို့ ကြွ၀င်သွားလေတော့သည် ။ ထိုနေရာကား. . .နာ မည်ကျော် မျက်ပါးရပ် မီးပွိုင့်. . .။

မြောက် ဘူတာကြီး။ တောင် လေယာဉ်ကွင်းနှင့် ရန်ကုန်-မန္တလေး လမ်းမ. . .။

အနောက်ဂေါ၀ိန်. . .။

အနောက်ဂေါ၀ိန်. . .။

အနောက်ဂေါ၀ိန်. . .။

***